# ဝ နေရေးထိုင်ရေး

ဝ နေရေးထိုင်ရေ ထိပ်သို့

ဂျပန်နိုင်ငံတွင် ပထမဆုံးအကြိမ်ရောက်ရှိနေထိုင်မည့်သူများသည် မိမိနိုင်ငံနှင့် ဓလေ့ထုံးစံများ ကွဲပြားခြားနားနေသောကြောင့် အစမှာ မည်ကဲ့သို့ နေထိုင်ရမည်ကို မသိ၍တွေဝေကြမည်ဟုထင်သည်။ သို့သော်လည်း နားလည်သဘောပေါက်သွားပါက စိတ်ပူစရာမလိုပါ။ ဤ **"ဝ နေရေးထိုင်ရေး"** ၌ ဂျပန်နိုင်ငံ၏ ပြုမူပြောဆိုပုံ၊ အမှိုက်စွန့်ပစ်ပုံစွန့်ပစ်နည်း၊ အိမ်မွေး တိရိစ္ဆာန်မွေးရာ၍ သတိထားဂရုစိုက်ရမည့်အချက်အလက်များ၊ အများပြည်သူဝန်ဆောင်မှုများစသည့် ဂျပန်နိုင်ငံ၏ နေထိုင်ပုံနေထိုင်နည်းအဂ္ဂကို ရှင်းပြပါမည်။

## 1 တံဆိပ်တုံး

### 1-1 မှတ်ပုံတင်တံဆိပ်တုံးနှင့် အသိအမှတ်ပြုတံဆိပ်တုံးဟု တံဆိပ်တုံး(၂)မျိုးကို ပြုလုပ်ထားရမည်။

ဂျပန်နိုင်ငံတွင် မိမိမိသားစုအမည်ကိုလည်းကောင်း၊ မိမိအမည်ကိုလည်းကောင်း ထွင်းထားသောတံဆိပ်တုံးနှိပ်ခြင်းသည် လက်မှတ်ရေးထိုးခြင်းနှင့် အဓိပ္ပါယ်တူညီရာရောက်ပါသည်။ အသေးစိပ်ကို D အခြားလျှောက်ထားချက် 5 တံဆိပ်တုံး၌ လေ့လာနိုင်ပါသည်။